# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (December 08 - 14, 2024)

## ဒီဇင်ဘာလ ဒုတိယပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၁ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃ ယောက်နှင့် အမျိုးသမီး ၄ ဦး ပါဝင်ပါသည်။
- စစ်ကိုင်းတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၉ ဦး သေဆုံးခဲ့ပါသည်။ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ၄ ဦးစီ၊ မကွေးတိုင်းတွင် ၃ ဦးနှင့် တနင်္သာရီတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၆ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၈ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၅ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၆၉၈ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မန္တလေးတိုင်းတွင် နေအိမ် ၃၀၀ လုံး၊ စစ်ကိုင်းတိုင်းတွင် ၂၀၀ လုံး၊ မကွေးတိုင်းတွင် ၁၅၀ လုံး၊ ချင်းပြည်နယ်တွင် ၄၀ လုံးနှင့် ရခိုင်ပြည်နယ်တွင် ၈ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၅ ခုတွင် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း အရပ်သားပြည်သူ ၂၉၆ ဦး ဖမ်းဆီးခံခဲ့ရသည်။

မန္တလေးတိုင်းတွင် ၂၀၆ ဦး၊ ပဲခူးတိုင်းတွင် ၄၇ ဦး၊ ဧရာဝတီတိုင်းတွင် ၂၂ ဦး၊ စစ်ကိုင်းတိုင်းတွင် ၂၀ ဦးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၅ ခုတွင် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၈ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်၊မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၂ ကြိမ်စီ၊ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

**ကိုးကား - The Irrawaddy, Ayeyarwaddy Times, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, ThanLwin Times, PVTV, RFA, ThanLwin Myanmar, Khonumthung Burmese.**

## ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

### တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ် ပေါင်း ၆၅ ကြိမ် ဖြစ်ပွားခဲ့သည်။ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၁၂ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၁ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၀ ကြိမ်၊ ကချင်ပြည်နယ်တွင် ၅ ကြိမ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၃ ကြိမ်စီ၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂ ကြိမ်စီ၊ ဧရာဝတီတိုင်း၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ရန်ကုန်တိုင်းတွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၆၂၇ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၅ ဦး ကျဆုံးခဲ့ပါသည်။

## တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

### KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဒီဇင်ဘာ ၇ ရက်တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် စစ်ကောင်စီ၏ တောင်သုံးလုံးနှင့် ဆင်စွယ် စခန်း ၂ ခုကို KNLA ပူးပေါင်းတပ်ဖွဲ့မှ တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်သား ၁၆ ဦး သေဆုံးပြီး ၁၂၀ မမ အမြောက် အပါအဝင် လက်နက်ခဲယမ်းများ ရရှိခဲ့သည်။

**ဒီဇင်ဘာလ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 08-14, December 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | 1 | | 8 | | | | 22 | | |
| **BAGO** | 12 | | 19 | 2 | | | 47 | | |
| **CHIN** | 1 | 2 | | | 1 | 3 | | | 40 |
| **KACHIN** | 5 | | | | | | | | |
| **KARENNI** | 1 | | 5 | | | | | | |
| **KAYIN** | 12 | | 16 | | | | | | |
| **MAGWAY** | 3 | 2 | 15 | 2 | | 3 | | | 150 |
| **MANDALAY** | 3 | 1 | 9 | | 1 | 3 | 206 | | 300 |
| **MON** | 2 | | 7 | | | | | | |
| **RAKHINE** | 2 | 1 | 450 | | | | | | 8 |
| **SAGAING** | 11 | 2 | 23 | 1 | 1 | 8 | 20 | | 200 |
| **SHAN (N)** | 1 | | 15 | | | | | | |
| **SHAN (S)** | 10 | | 50 | | | | 1 | | |
| **TANINTHARYI** | 1 | | 10 | | | 1 | | | |
| **TOTAL** | **65** | **8** | **627** | **5** | **3** | **18** | **296** | | **698** |


Map of Myanmar Conflict ( December 08-14, 2024 )
N
NW
NE
W
E
SW
SE
S
INDIA
Myitkyina
CHINA
Lashio
Hakha
BANGLADESH
Sagaing
Mandalay
Kengtung
Taunggyi
LAOS
Sittwe
Magway
Nay Pyi Taw
Loikaw
Bay of Bengal
Bago
Pathein
Hpa-An
Yangon
Mawlamyine
THAILAND
Andaman Sea
Dawei

# တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

ဒီဇင်ဘာ ၅ ရက် နှင့် ၆ ရက်တွင် စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကျင်းပနိုင်ရေး ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ NSPNC ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နဲ့ ကော်မတီဝင်တွေ၊ နိုင်ငံရေးပါတီ ၅၁ ပါတီက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များသည် ရွေးကောက်ပွဲနဲ့ လုံခြုံရေးကိစ္စ တွေ့ဆုံဆွေးနွေးခဲ့ကြတယ် လို့ စစ်ကောင်စီက သတင်းထုတ်ပြန်ပါတယ်။

တရုတ်အစိုးရ ဆွေးနွေးရန် ဖိတ်ကြားခြင်းကြောင့် ကချင်လွတ်လပ်ရေးအဖွဲ့(KIO) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၈ ရက်က တရုတ်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပါတယ်။

တရုတ်နိုင်ငံ ပေကျင်းမြို့အခြေစိုက် အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun သည် ဒီဇင်ဘာ ၉ ရက်က နေပြည်တော်တွင် စစ်ကောင်စီ၏ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီး ဒေါက်တာသက်သက်ခိုင်အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးမင်းနောင် တို့နှင့် တွေ့ဆုံကာ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးအကြောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း စစ်ကောင်စီ၏ ထုတ်ပြန်ချက်အရ သိရပါတယ်။

ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုနှင့် နိုင်ငံရေးပါတီတွေ ဒီဇင်ဘာ ၇ ရက်က နေပြည်တော်မှာ တွေ့ဆုံခဲ့ပြီး နိုင်ငံ တစ်ဝန်းရှိ မြို့နယ် ၃၃၀ ရှိတဲ့အထဲက လုံခြုံရေးစိတ်ချရတဲ့ မြို့နယ် ၁၆၁ မြို့နယ်မှာ ရွေးကောက်ပွဲ ပြုလုပ်နိုင်မယ်လို့ ပြောကြားခဲ့ပါတယ်။

မြန်မာစစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုဖြစ်စေတဲ့ စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းတွေကို ရောင်းချတယ်လို့ဆိုပြီး ကုမ္ပဏီ ၄ ခုကို အမေရိကန် စီးပွားကူးသန်းဝန်ကြီး ဌာနက ပိတ်ဆို့မှုတွေ ပြုလုပ်လိုက်ပါတယ်။ အဲဒီ ကုမ္ပဏီ ၄ ခုဟာ ၂ ခုက တရုတ်နိုင်ငံထဲမှာဖြစ်ပြီး ၂ ခုက မြန်မာနိုင်ငံထဲမှာလို့လည်း ဒီဇင်ဘာ ၁၀ ရက် ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

ဧရာဝတီတိုင်းအတွင်းရှိ စစ်ကောင်စီတပ်စခန်းများကို ထိုးဖောက်ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်နိုင်ရန် ဧရာဝတီတိုင်း စစ်ဌာနချုပ်ကို ဖွဲ့စည်းလိုက်ပြီးဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာလိုက်ပါတယ်။